
## Table of Contents


1. ***Website ထဲသို့ ဝင်ရောက်ခြင်း*** ........ 2
2. ***အကောင့်ဖွင့်ခြင်း*** ........ 3
   - **2.1 အကောင့်အသစ်ဖွင့်ခြင်း** ........ 3
3. ***Login ဝင်ရောက်ခြင်း*** ........ 6
   - **3.1 Username /Email ဖြင့် Login ဝင်ခြင်း** ........ 7
   - **3.2 Phone number ဖြင့် Login ဝင်ရောက်ခြင်း** ........ 7
   - **3.3 Google အကောင့်ဖြင့်ဝင်ခြင်း** ........ 9
4. ***Profile*** ........ 10
   - **4.1 Profile တွင် ပါဝင်သော အချက်အလက်များ** ........ 10
   - **4.2 Profile အချက်အလက်များကို ပြင်ဆင်ခြင်း** ........ 11
     - 4.2.1 Email ပြင်ဆင်ခြင်း ........ 12
     - 4.2.2 ဖုန်းနံပတ် ပြင်ဆင်ခြင်း ........ 13
     - 4.2.3 Password ပြောင်းလဲခြင်း ........ 14
5. ***သင်ခန်းစာများ ရှာဖွေခြင်း*** ........ 15
6. ***သင်တန်း စာရင်းသွင်းခြင်း*** ........ 16
7. ***စာရင်းသွင်းထားသော သင်တန်းများ ပြန်လည်ကြည့်ရှုခြင်း*** ........ 17
8. ***သင်ခန်းစာများ လေ့လာခြင်း*** ........ 18
9. ***သင်တန်းပြီးဆုံးကြောင်း လက်မှတ် ထုတ်ယူခြင်း*** ........ 19
10. ***စာကြည့်တိုက် (E-Library)*** ........ 20
11. ***သတင်းနှင့်လှုပ်ရှားမှုများ*** ........ 21
12. ***လွယ်ကူစွာဝင်ရောက်နိုင်သောလင့်ခ်များ*** ........ 22


## 1. Website ထဲသို့ ဝင်ရောက်ခြင်း

Browser (Chrome/၊ Firefox /Safari) ၏ Address Bar တွင် **mmyouth.net** ဟု ရိုက်ထည့်၍ ဝင်ရောက်ပါ။





## 2. အကောင့်ဖွင့်ခြင်း


ပင်မစာမျက်နှာရဲ့ညာဘက်အပေါ်ထောင့်မှာရှိတဲ့ အပြာရောင် **"Log in"** ခလုတ်ကို နှိပ်ပါ။




### 2.1 အကောင့်အသစ်ဖွင့်ခြင်း






၁။ User Name - မိမိ အသုံးပြုလိုသည့် အမည်ကို ရိုက်ထည့်ပါ (စာလုံးနှင့် ဂဏန်းများသာ သုံးရပါမည်)။

၂။ Full Name - မိမိ၏ အမည်ရင်းကို ရိုက်ထည့်ပါ (ဤအမည်သည် သင်တန်းဆင်းလက်မှတ်နှင့် Profile တွင် ပေါ်လာမည်ဖြစ်သည်)။

၃။ Password & Confirm Password မိမိအသုံးပြုမည့် စကားဝှက်ကို ရိုက်ထည့်ပြီး Confirm password နေရာတွင် ထပ်မံအတည်ပြုပါ။

၄။ အကောင့်အတည်ပြုရန်အတွက် Email သို့မဟုတ် Phone ကို ရွေးချယ်ပါ။

၅။ ဖုန်းနံပါတ်ဖြင့် အတည်ပြုလိုပါက နိုင်ငံကုဒ် (ဥပမာ - မြန်မာ (+95 ) သို့မဟုတ် ထိုင်း (+66) ) ကို ရွေးချယ်ပြီး ဖုန်းနံပါတ် ရိုက်ထည့်ပါ။

၆။ Date of Birth - မိမိ၏ မွေးသက္ကရာဇ် (လ/ရက်/ခုနှစ်) ကို ဖြည့်ပါ။

၇။ Country - မိမိနေထိုင်ရာ နိုင်ငံ ကို ရွေးချယ်ပါ။

၈။ Gender - ကျား/မ ကို ရွေးချယ်ပါ။

၉။ Platform Information- Website ကို မည်သည့်နေရာမှတစ်ဆင့် (Facebook, TikTok, YouTube စသည်) သိရှိခဲ့သနည်းဆိုသည်ကို ရွေးချယ်ပေးပါ။

၁၀။ Special Needs - အထူးကူညီပံ့ပိုးမှုကို လိုအပ်ပါက special Needs ကိုရွေးပါ

၁၁။ Terms of Services - ဝန်ဆောင်မှု အသုံးပြုခြင်း သဘောတူညီပါက Terms of services agreement အကွက်လေးကို အမှန်ခြစ်ပေးပါ။

၁၂။ အားလုံးပြည့်စုံပါက အပြာရောင် "Register" ခလုတ်ကို နှိပ်၍ အကောင့်ဖွင့်ခြင်းကို အဆုံးသတ်ပါ။


## 3. Login ဝင်ရောက်ခြင်း

Login စာမျက်နှာတွင် မိမိအဆင်ပြေရာ နည်းလမ်း (၃) မျိုးဖြင့် ဝင်ရောက်နိုင်ပါသည်။


**နည်းလမ်း (၁)** - Username/Email ဖြင့်ဝင်ခြင်း: မိမိ၏ Email သို့မဟုတ် အသုံးပြုသူအမည်နှင့် Password ကို ရိုက်ထည့်၍ "Login" ကို နှိပ်ပါ။

**နည်းလမ်း (၂)** - Phone Number ဖြင့်ဝင်ခြင်း: "Phone Number Login" ခလုတ်ကို နှိပ်၍ မိမိဖုန်းနံပါတ်ဖြင့် ဝင်ရောက်ပါ။

**နည်းလမ်း (၃)** - Google အကောင့်ဖြင့်ဝင်ခြင်း: "Sign in with Google" ကို နှိပ်၍ မိမိ၏ Gmail အကောင့်ဖြင့် တိုက်ရိုက်ဝင်ရောက်နိုင်ပါသည်။





### 3.1 Username /Email ဖြင့် Login ဝင်ခြင်း





၁။ မိမိ၏ Email သို့မဟုတ် အသုံးပြုသူအမည် ထည့်ပါ။
၂။ မိမိ၏ Password ထည့်ပါ။
၃။ Login ကို နှိပ်ပါ။

### 3.2 Phone number ဖြင့် Login ဝင်ရောက်ခြင်း







၁။ Phone Number Login ခလုတ်ကို နှိပ်ပါ။
၂။ မိမိ ဖုန်းနံပတ်ကို ထည့်ပါ။
၃။ Send ကို နှိပ်ပါ ။ SMS ဖြင့် OTP ကုဒ် ရောက်လာပါလိမ့်မည်။





၄။ ရရှိလာသော ကုဒ်နံပါတ်ကို Website ရှိ "Enter Code" အကွက်တွင် ရိုက်ထည့်ပြီး ၅။ Verify OTP ကို နှိပ်ပါ။

## 3.3 Google အကောင့်ဖြင့်ဝင်ခြင်း





၁။ Sign in with Google ဆိုသည့် ခလုတ်ကို နှိပ်ပါ။




၂ ။ မိမိအသုံးပြုလိုသော Google အကောင့်ကို ရွေးချယ်ပေးပါ။


# 4. Profile




၁။ Website ၏ ညာဘက်အပေါ်ထောင့်ရှိ မိမိ၏ Profile ပုံ သို့မဟုတ် နာမည် ဘေးမှ မြှားလေး (သို့မဟုတ် အဝိုင်းပုံစံလေး) ကို နှိပ်ပါ။ ထို့နောက် ကျလာသော Menu ထဲမှ "Profile" သို့မဟုတ် မိမိအမည်ကို နှိပ်၍ ဝင်ရောက်နိုင်ပါသည်။

## 4.1 Profile တွင် ပါဝင်သော အချက်အလက်များ


Profile တွင် မိမိ၏ အမည်ရင်း၊ နိုင်ငံ၊ မြို့နယ်၊ ဖုန်းနံပါတ်၊ အီးမေးလ်၊ မွေးသက္ကရာဇ်၊ ကျား/မ၊ အစရှိသည်တို့ကို ဖော်ပြထားသည်။




## 4.2 Profile အချက်အလက်များကို ပြင်ဆင်ခြင်း






၁။ Profile ကို ပြင်ဆင်လိုပါက Edit Profile ကို နှိပ်ပြီး မိမိ၏ ကိုယ်ရေးအချက်အလက်များ မှားယွင်းနေပါက သို့မဟုတ် အသစ်လဲလှယ်လိုပါက ပြင်ဆင်နိုင်ပါသည်။



### 4.2.1 Email ပြင်ဆင်ခြင်း












၁။ Change Email ကို နှိပ်ပါ။
၂။ မိမိ၏ အကောင့်တွင် အသုံးပြုထားသော အီးမေးလ်ကို ပြောင်းလဲလိုပါက Address နေရာတွင် ပြောင်းလဲလိုသည့် Mail ကို ထည့်ပါ။
၃။ Change ကို နှိပ်ပါ။
၄။ မိမိရဲ့ Email Inbox  MM Youth မှ ပေးပို့လာသော ဂဏန်း (၆) လုံးပါသည့် Verification Code ရောက်လာပါမည်။ ရရှိလာတဲ့ ကုဒ်နံပါတ်ကို Website ရှိ Enter Code အကွက်မှာ ရိုက်ထည့်ပြီး Verify ကို နှိပ်ပါ။

### 4.2.2 ဖုန်းနံပတ် ပြင်ဆင်ခြင်း







၁။ Change Phone Number ကို နှိပ်ပါ။
၂။ မိမိ၏ အကောင့်တွင် အသုံးပြုထားသော ဖုန်းနံပတ်ကို ပြောင်းလဲလိုပါက New Phone Number နေရာတွင် ပြောင်းလဲလိုသည့် ဖုန်းနံပတ် ကို ထည့်ပါ။
၃။ Change ကို နှိပ်ပါ။
၄။ မိမိရဲ့ SMS သို့ MM Youth မှ ပေးပို့လာသော ဂဏန်း (၆) လုံးပါသည့် Verification Code ရောက်လာပါမည်။ ရရှိလာတဲ့ ကုဒ်နံပါတ်ကို Website ရှိ Enter Code အကွက်မှာ ရိုက်ထည့်ပြီး Verify ကို နှိပ်ပါ။


### 4.2.3 Password ပြောင်းလဲခြင်း




၁။ မိမိ၏ အကောင့်တွင် အသုံးပြုထားသော စကားဝှက် ကို ပြောင်းလဲလိုပါက Old Password နေရာတွင် အရင် စကားဝှက်ကို ရိုက်ထည့်ပါ။
၂။ ပြောင်းလဲလိုသည့် စကားဝှက်ကို New Password တွင် ရိုက်ထည့်ပါ။
၃။ Confirm Password တွင် နောက်တစ်ကြိမ် ထည့်ပါ။
၄။ Update Password ကို နှိပ်ပါ။

## 5. သင်ခန်းစာများ ရှာဖွေခြင်း








၁။ Menu တွင် အွန်လိုင်းသင်ယူမှု ကိုနှိပ်ပါ။
၂။ သင်ခန်းစားများအား အမျိုးအစားအလိုက် ကြည့်ချင်ပါက သက်ဆိုင်ရာ အမျိုးအစားကို နှိပ်ပါ။
၃။ ကြိုက်နှစ်သက်ရာ အစဉ်လိုက်ပုံစံ အမျိုးမျိုးကို ရွေးချယ်နိုင်ပါသည်။
၄။ သင်တန်းအမည်ဖြင့်လည်း ရှာဖွေနိုင်ပါသည်။

# 6. သင်တန်း စာရင်းသွင်းခြင်း





၁။ ကြိုက်နှစ်သက်ရာ သင်တန်း တစ်ခုကို ရွေးပါ။





၂။ Enroll Me ကို နှိပ်ပါ။

# 7. စာရင်းသွင်းထားသော သင်တန်းများ ပြန်လည်ကြည့်ရှုခြင်း





၁။ မိမိစာရင်းသွင်းထားသော သင်တန်းများ အား ပြန်လည် ကြည့်ရှုလိုပါက Menu တွင်ရှိသော ကျွန်ုပ်၏ သင်ခန်းစာများ ကိုနှိပ်ပြီး ပြန်လည် ကြည့်ရှုနိုင်ပါသည်။

# ၈. သင်ခန်းစာများ လေ့လာခြင်း





၁။ သင်တန်းထဲသို့ ရောက်ရှိသွားပါက အောက်ပါအတိုင်း သင်ခန်းစာ အပိုင်းများကို တွေ့မြင်ရမည်ဖြစ်ပြီး မိမိလေ့လာပြီးစီးမှုကို ရာခိုင်နှုန်းဖြင့် တွေ့ရမည်။ သင်တန်းတွင် ပါဝင်သော သင်ခန်းစာများ သို့မဟုတ် အချက်အလက်များ အားလုံးကို လေ့လာနိုင်ပါသည်။ သင်ခန်းစာများကို လေ့လာရာတွင် section တစ်ခုပြီး တစ်ခု လေ့လာသွားရမည်ဖြစ်သည်။

၂။ သင်ခန်းစားများ အားလုံး ၁၀၀ ရာခိုင်နှုန်းပြီးသွားပါက review / ration ပေးနိုင်မည်ဖြစ်ပါသည်။





၃။ သင်ခန်းစာ လေ့ကျင့်ခန်းများ တစ်ခုမှ နောက်တစ်ခုသို့ သွားချင်လျှင် ရှေ့သို့ နှိပ်ပြီး ၊ နောက်သို့ ပြန်သွားချင်လျှင် နောက်သို့ ကို နှိပ်ပါ။

## 9. သင်တန်းပြီးဆုံးကြောင်း လက်မှတ် ထုတ်ယူခြင်း





၁။ သင်ခန်းစားများ အားလုံး လေ့လာသင်ယူပြီးပါက သင်တန်းပြီးဆုံးကြောင်းလက်မှတ် လက်မှတ်ထုတ်ယူရန်ကို နှိပ်ပြီး ထုတ်ယူနိုင်ပါသည်။


# 10. စာကြည့်တိုက် (E-Library)





၁။ E-Library တွင် လေ့လာရန် Menu မှ စာကြည့်တိုက်ကို နှိပ်ပါ။
၂။ စာကြည့်တိုက်တွင် Content များကို အမျိုးအစားအလိုက်ကြည့်ရှုရန် သက်ဆိုင်ရာ အမျိုးအစားကို ရွေးပါ။
၃။ ကြိုက်နှစ်သက်ရာ အစဉ်လိုက်ပုံစံ အမျိုးမျိုးကို ရွေးချယ်နိုင်ပါသည်။
၄။ သင်တန်းအမျိုးအစားအလိုက်ကြည့်ရှုရန်ရွေးပါ။




၅။ အသေးစိတ် ဝင်ရောက် ကြည့်ရှုလိုပါက နှိပ်ပါ။





# 11. သတင်းနှင့်လှုပ်ရှားမှုများ



၁။ သတင်းနှင့်လှုပ်ရှားမှုများ အကြောင်းကိုသိရှိလိုပါက Menu ထဲရှိ သတင်းနှင့်လှုပ်ရှားမှုများ ကိုနှိပ်ပါ။
၂။ သက်ဆိုင်ရာ သတင်းနှင့် လှုပ်ရှားမှုများကို နှိပ်ပြီး ကြည့်ရှုနိုင်ပါသည်။




## 12. လွယ်ကူစွာဝင်ရောက်နိုင်သောလင့်ခ်များ




Website Menu အောက်ခြေတွင်ရှိသော link များမှ အောက်ပါအကြောင်းအရာများအား ဝင်ရောက်ကြည့်ရှုနိုင်ပါသည်

- ကျွန်ုပ်တို့အကြောင်း
- သတင်းနှင့်လှုပ်ရှားမှုများ
- ကိုယ်ရေးအချက်အလက်မူဝါဒ
- စည်းကမ်းနှင့်သတ်မှတ်ချက်များ
- အမြဲမေးလေ့ရှိသောမေးခွန်းများ

ထို့အပြင် Mobile application များကိုလဲ download ရယူနိုင်ပါသည်။